# ငါးလုပ်ငန်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်

### *ပေါ်လစီဆိုင်ရာအကျဉ်းချုပ်မှာဘာတွေဖေါ်ပြထားပါလဲ ?*

ဒေသတွင်းရေနေသက်ရှိသယံဇာတများထိန်းသိမ်းစောင့်ရှောက်ရေးအထောက်အကူပြုလုပ်ငန်း(STREAM)သည်ဒေသတွင်းအတွေ့အကြုံများနှင့်သုတေသနလုပ်ငန်းများမှအကျိုးဖြစ်ထွန်းစေမည့်တွေ့ရှိချက်များကို သတင်းဖြန့်ချိပေးရန်ကြိုးပမ်းလျက်ရှိရာ ငါးလုပ်ငန်းဆိုင်ရာပေါ်လစီများနှင့်သွင်ပြင်လက္ခဏာများကိုအတိုချုံးအကျဉ်းချုပ်ဖေါ်ပြထားခြင်းဖြစ်ပါသည်။

လွယ်ကူစွာသိရှိနိုင်ရန်အဓိကကျသောအချက်များကိုမီးမောင်းထိုးပြထားပြီးဘာသာရပ်ဆိုင်ရာများကိုတိုးတက်လေ့လာနိုင်ရန်ဖေါ်ပြထားပါသည်။ဆင်းရဲနွမ်းပါးကြသောရေလုပ်ငန်းအခြေခံအသက်မွေးဝမ်းကြောင်းမှုများကိုပံ့ပိုးရန်ရည်ရွယ်ချက်ဖြင့် ရေနေသက်ရှိသယံဇာတများထိန်းသိမ်းစောင့်ရှောက်လျက်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်ငါးလုပ်ငန်းဆိုင်ရာပေါ်လစီချမှတ်သူများ အလွယ်တကူအသုံးချနိုင်ရန်ဖြစ်ပါသည်။

### *မည်သူတွေအတွက်ရည်ရွယ်ပါသလဲ?*

အောက်ပါအဖွဲ့အစည်းများအတွက်ရည်ရွယ်ပါသည်။

- ငါးလုပ်ငန်းဆိုင်ရာပေါ်လစီချမှတ်သူများ
- ငါးလုပ်ငန်းဆိုင်ရာပေါ်လစီကိုအကောင်အထည်ဖေါ်သူများ
- ကျေးလက်ဒေသများတွင်ဦးစီးဆောင်ရွက်နေသူများ
- အစိုးရမဟုတ်သော NGO အဖွဲ့အစည်းများ
- ဌာနဆိုင်ရာတာဝန်ရှိသူများ
- ရံပုံငွေအလှူရှင်များ
- ငါးလုပ်ငန်းဆိုင်ရာပေါ်လစီကိုအသုံးချရန်လိုအပ်သူများ

### *မည်သူတွေကပြုစုဖေါ်ထုတ်ပါသလဲ ?*

ရေလုပ်သားများ၊ တောင်သူလယ်သမားများ၊ ၎င်းတို့နှင့်လုပ်ငန်းဆက်စပ်နေသူများနှင့်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက ငါးလုပ်ငန်းဆိုင်ရာပေါ်လစီဖြစ်ပေါ်လာရန်ဆောင်ရွက်နိုင်ကြပါသည်။ STREAM အနေဖြင့်ဤလုပ်ငန်းစဉ်အကောင်အထည်ဖေါ်ခြင်း၊ ရေးသားတင်ပြခြင်း၊ ဘာသာအမျိုးမျိုးဖြင့်ပြန်ဆိုရေးသား ခြင်းဖြင့်အများသိရှိစေရန်ဆောင်ရွက်လျက်ရှိပါသည်။

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်လက်စွဲစာစဉ်များကို ဒေသတွင်းရေနေသက်ရှိသယံဇာတထိန်းသိမ်းစောင့်ရှောက်ခြင်းအထောက်အကူပြုအစပျိုးဆောင်ရွက်နေမှုအဖွဲ့ (Support to Regional Aquatic Resources Management -STREAM) ကပြုစုဖြန့်ချိပေးလျက်ရှိပါသည်။

### *သည်စာစဉ်တွေကိုဘယ်လိုရနိုင်ပါသလဲ ?*

လက်စွဲစာစဉ်များကိုအာရှနှင့်ပစိဖိတ်ဒေသတွင်းနိုင်ငံအသီးသီးမှာဖွင့်လှစ်ထားသော STREAM ဌာနေရုံး သတင်းနဲ့ဆက်သွယ်ရေးတာဝန်ခံ(Communication Hub Manager) ကဘာသာပြန် ကိုဖြန့်ချိပေး လျက်ရှိပါတယ်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာအခြေစိုက်ထားတဲ့ STREAM ဒေသတွင်းရုံးချုပ်မှာလဲရနိုင်ပါတယ်။ ဒါမှမဟုတ် အင်တာနက်မှာ အောက်ပါ လိပ်စာအတိုင်းကြည့်ရှုကူးယူနိုင်ပါတယ်။
http://www.streaminitiative.org/Library/bpg/index.html

### *ငါးလုပ်ငန်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်နဲ့ဆက်စပ်တဲ့ဘယ်လိုစာစဉ်တွေရနိုင်ပါသလဲ ?*

ငါးလုပ်ငန်းဆိုင်ရာပေါ်လစီအကျဉ်းချုပ်ရဲ့ခေါင်းစဉ်အောက်ပါထုတ်ဝေထားတဲ့စာစဉ်အမှတ်(၁)သည် Consensus Building (ညှိနှိုင်းမှုမှသဘောတူညီမှုရယူခြင်း) စာစဉ်ဖြစ်ပါသည်။ UK အစိုးရ၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးရံပုံငွေနဲ့ဆောင်ရွက်ခဲ့သော သဘာဝသယံဇာတထိန်းသိမ်းစောင့်ရှောက်ခြင်းအစီအစဉ် (DFID Natural Resources Systems Program) အရ အိန္ဒိယနိုင်ငံမှာ ပြုလုပ်ခဲ့သည့် R8100 " Investigating Improved Policy on Aquaculture Service Provision to Poor People" ကကောက်နှုတ်ခဲ့ပါသည်။ စီမံကိန်း ကို ၂၀၀၂မတ်လက ၂၀၀၃၊ ဧပြီလအထိအိန္ဒိယနိုင်ငံမှာဆောင်ရွက်ခဲ့စဉ်မှာ တောင်သူလယ်သမားများ၊ ရေလုပ်သားများ၊ ကျေးလက်မြို့ပြခရိုင်ပြည်နယ်တိုင်းနှင့်အိန္ဒိယနိုင်ငံအစိုးရမှတာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စီမံကိန်းမှာကျေးလက်များဖွံ့ဖြိုးတိုးတက်ရေးအတွက်ပိုမိုကောင်းမွန်သောနည်းစနစ်များဖေါ်ထုတ်ရန်ရှေ့ပြေးစမ်းသပ်မှုများပြုလုပ်ခဲ့ပါသည်။အထူးသဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ ငါးမွေးမြူရေးလုပ်ငန်းကပံ့ပိုးနိုင်မှုစွမ်းရည်ကိုဖေါ်ထုတ်ရန်ဖြစ်ပါတယ်။

စာစဉ်အမှတ်(၂)သည် ငါးလုပ်ငန်းနှင့်အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများနဲ့ဆက်စပ်ဖေါ်ပြထားပါတယ်။ စာစဉ်ကိုပြုစုရာမှာကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO) ၏နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း Technical Cooperation Project-TCP အရ "အာရှနှင့်ပစိဖိတ်ဒေသတွင်းဆင်းရဲနွမ်းပါးမှုလျှော့နည်းစေရေးအစီအစဉ်မှာ ရေနေသက်ရှိသယံဇာတထိန်းသိမ်း စောင့်ရှောက်မှုနည်းလမ်းဖြင့်ပါဝင်ကူညီပံ့ပိုးခြင်း- Assistance in Poverty Alleviation through Improved Aquatic Resources Management in Asia-Pacifc" မှအတွေ့အကြုံများကိုကောက်နှုတ်စုထားခြင်းဖြစ်ပါသည်။ အထူးသဖြင့်အသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများနှင့်ထိုအသက်မွေးဝမ်းကြောင်းမှုနည်းလမ်းများကိုသရုပ်ခွဲလေ့လာခြင်းကိုဖေါ်ပြထားပါသည်။